ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ၂၆-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိကြောင်း မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းဟာ ကျန်းမာရေး မကောင်းပါသဖြင့် တက်ရောက်နိုင်ခြင်းမရှိကြောင်း ခွင့်ပန်ကြားထားပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ခွင့်ပန်ကြားသူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၀)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတော်အစိုးရအနေဖြင့် မြေမြုပ်မိုင်းအသုံးပြုမှု သဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ/မရှိနှင့် ဒေသခံကျေးလက်ပြည်သူများကို အန္တရာယ်မှကယ်တင်မည့် မိုင်းရှာ/ မိုင်းဖျက်ဆီးရေး စီမံချက်များ ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က နိုင်ငံတော်အစိုးရအနေဖြင့် မြေမြုပ်မိုင်းအသုံးပြုမှု သဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ/မရှိနှင့် ဒေသခံကျေးလက်ပြည်သူများကို အန္တရာယ်မှကယ်တင်မည့် မိုင်းရှာ/မိုင်းဖျက်ဆီးရေး စီမံချက်များ ရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဖိတ်ကြားထားသူများ အားလုံး ကိုယ်စိတ် ချမ်းသာစွာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ဆက်ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ်ဖြစ်ပါတယ်။ ကျွန်တော်၏ မေးမြန်းချက်ကို Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ အကယ်၍ သတ်မှတ်ချိန် ကျော်လွန်ခဲ့လျှင် မိနစ်အနည်းငယ် ပိုပြောခွင့်ပြုပါရန် ကြိုတင်တင်ပြအပ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်လာခဲ့ရာ ယခုအချိန်အထိ ပြည်နယ်အားလုံးလိုလို တိုက်ပွဲများဖြစ်ခဲ့သော စစ်ဆင်ရေးနယ်မြေတစ်လျှောက် မြေမြုပ်မိုင်း၊ နင်းမိုင်း၊ ဆွဲမိုင်း၊ တိုက်မိုင်း၊ ပဒေသာမိုင်း၊ မိုင်းကွင်းမျိုးစုံ အသုံးပြုခဲ့ကြပါတယ်။ ဒေသအာဏာပိုင်တို့ ပေးပို့သော စာရင်းများအရ ကချင်ပြည်နယ်အတွင်း (၆)မြို့နယ်၊ ကယားပြည်နယ်အတွင်း (၅)မြို့နယ်၊ ကရင်ပြည်နယ်အတွင်း(၇)မြို့နယ်၊ ရှမ်းပြည်နယ်အတွင်း(၁၄)မြို့နယ်၊ တနင်္သာရီတိုင်းအတွင်း (၅)မြို့နယ်၊ ပဲခူးတိုင်းအတွင်း(၃)မြို့နယ်၊ စုစုပေါင်း မြို့နယ်ပေါင်း(၄၀)မှာ မိုင်းစစ်ဆင်ရေး လုပ်ခဲ့ကြပါတယ်။

UNHCR နှင့် UNICEF စာရင်းများအရ ၁၉၇၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း စစ်မှုထမ်းမဟုတ်သော၊ တိုင်းရင်းသားလက်နက်ကိုင်မဟုတ်သော ဒေသခံပြည်သူဦးရေ (၁၈၉၀၀၀)ကျော် သေကြေ၊ ဒဏ်ရာရ၊ ခြေပြတ်၊ လက်ပြတ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ စစ်မှုထမ်းဆောင်တဲ့ (၂၄)နှစ် ကာလအတွင်း ကျွန်တော့်မျက်စိရှေ့တင်မှာပဲ ကျွန်တော့်ရဲဘော်(၈၀)ကျော် မြေမြှုပ်မိုင်းကြောင့် သေကြေကျဆုံးလို့ တိုက်ပွဲနေရာမှာပဲ မြေမြှုပ်သင်္ဂြိုလ်ခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ၁၉၈၈ ခုနှစ်၊ မိုင်းယန်း တိုက်ပွဲမှာ မိုင်းစထိမှန် ဒဏ်ရာရခဲ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၆ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လုံခြုံရေးကောင်စီအစည်းအဝေး ဆုံးဖြတ်ချက် ၁၃/၉၆ အရ မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်ကို ကနေဒါနိုင်ငံ၊ အော့တဝါမြို့မှာ ၁၉၉၇ ခုနှစ်၊ ဧပြီလအတွင်း ကမ္ဘာ့နိုင်ငံပေါင်း(၁၁၈)နိုင်ငံ ခေါင်းဆောင်များ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါတယ်။ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ မြန်မာနိုင်ငံ လူသတ်မိုင်းအရေးဆောင်ရွက်မှုဌာန MAC နှင့် UNICEF အဖွဲ့တို့၏ထောက်ခံပေးမှုကြောင့် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂထံမှ အမေရိကန်ဒေါ်လာ(၅.၇)သန်း၊ အမေရိကန်သမ္မတ ဘားရက်အိုဘားမား သီးခြားအလှူငွေ ဒေါ်လာ(၂) သန်းတို့ ရရှိဖူးပါတယ်။ နိုင်ငံတကာမှ အစိုးရအဖွဲ့မဟုတ်သော INGO များဖြစ်သည့် DCA ဆွဲဖ်ဖောင်ဒေးရှင်း FSD, MAG, NPA အဖွဲ့များသည် ၂၀၁၀ ခုနှစ်ကတည်းက ရန်ကုန်မြို့မှာ ရုံးခန်း ဖွင့်လှစ်ထားခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးမှာ နိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင် မှ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တစ်စိတ်တစ်ပိုင်းအဖြစ် မြေမြှုပ်မိုင်း ပိတ်ပင်တားဆီးခြင်းကို သဘောတူစာချုပ်အား ပါဝင်လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက် နိုင်ငံတကာ မိုင်းရှင်းလင်းဖယ်ရှားရေး နှစ်ပတ်လည်အခမ်းအနားမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကကြီး သူရဦးတင်ဦးမှ အစိုးရသစ် သက်တမ်းအတွင်း မိုင်းရှင်းလင်းကင်းစင်ရေးကို ကျေးလက်ပြည်သူအတွက် အပြီးအပြတ်ဆောင်ရွက် ရမယ်လို့ မှာကြားခဲ့ပါတယ်။ ယခုနှစ် ဇူလိုင် ၁၃ ရက် MPC မှာ ပြုလုပ်တဲ့ ၂၁ ရာစု ပင်လုံညီလာခံ အကြိုဆွေးနွေးပွဲများမှာ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များမှလည်း မိုင်းရှင်းလင်းပေးရေး တောင်းဆိုထားပါတယ်။ ကျွန်တော် အထက်မှာတင်ပြခဲ့သော မြေမြှုပ်မိုင်းများအသုံးပြုမှု သဘောတူ စာချုပ် လက်မှတ်မရေးထိုးမီကပင် နိုင်ငံတကာမှ လူသားချင်းစာနာစိတ်ဖြင့် ကျွန်တော်တို့နိုင်ငံ အတွက် ဒေါ်လာ(၇)သန်းကျော် ကူညီပေးနေကြသောကြောင့် စာချုပ်လက်မှတ်ရေးထိုးပြီးပါက အဖွဲ့ဝင် နိုင်ငံများမှ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ဘီလီယံနဲ့ချီပြီး ပေးကမ်းကူညီကြမှာ မလွဲပါခင်ဗျား။

ထိုရန်ပုံငွေကို တစ်နှစ်တစ်ကြိမ် ပေးနေကျဖြစ်၍ ငွေသားအပြင် စက်ကိရိယာနည်းပညာ အထောက်အကူပစ္စည်းနည်းပညာများကိုပါ တောင်းခံရယူနိုင်သည့်အပြင် ရန်ပုံငွေလည်း နှစ်စဉ် ထည့်ဝင်စရာမလိုသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါသဘောတူစာချုပ်အား လက်မှတ် ရေးထိုးရန် အစီအစဉ် ရှိ/မရှိ နှင့် ဒေသခံကျေးလက်ပြည်သူတို့၏ အသက်အန္တရာယ်မှ ကယ်တင်မည့် မိုင်းရှာ/ မိုင်းဖျက်ဆီးရေး စီမံချက်များ ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ညြဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ်၏ နိုင်ငံတော်အစိုးရအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှု သဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ/မရှိနှင့် ဒေသခံကျေးလက်ပြည်သူများကို အန္တရာယ်မှကယ်တင်မည့် မိုင်းရှာ/မိုင်းဖျက်ဆီးရေး စီမံချက်များ ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး သိလိုတဲ့မေးခွန်းကို လေ့လာရာမှာ အပိုင်း(၂)ပိုင်း တွေ့ရှိရပါတယ်။ ပထမပိုင်းကတော့ မြေမြှုပ်မိုင်း အသုံးပြုမှု သဘောတူစာချုပ် လက်မှတ်ရေးထိုးရေး အစီအစဉ်နဲ့ ဒုတိယပိုင်းကတော့ မိုင်းရှာ/မိုင်းဖျက်ဆီးရေး စီမံချက်တို့ပဲ ဖြစ်ပါတယ်။

ပထမပိုင်းအနေနဲ့ လူသတ်မိုင်းများ အသုံးပြုခြင်း၊ သိုမှီးထားခြင်း၊ ထုတ်လုပ်ခြင်းနဲ့ လွှဲပြောင်းခြင်းတို့ကို တားမြစ်ခြင်းနဲ့၊ ၎င်းတို့ကို ဖျက်ဆီးခြင်းဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် 1997-Ottawa Treatyကို လေ့လာရာမှာ စာချုပ်အား အပြီးသတ်အတည်ပြု လက်မှတ်ရေးထိုးပြီးသောနိုင်ငံ(၁၆၂)နိုင်ငံ၊ စာချုပ်အား ပါဝင်လက်မှတ်ရေးထိုးပြီး အပြီးသတ် အတည်မပြုသေးသောနိုင်ငံ(၁)နိုင်ငံနှင့် ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသေးသောနိုင်ငံ(၃၄)နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအနက် လာအို၊ မြန်မာ၊ စင်ကာပူနှင့် ဗီယက်နမ် လေးနိုင်ငံတို့မှာ ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသေးဘဲ အခြားနိုင်ငံများအနက် တရုတ်၊ အိန္ဒိယ၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသေးကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ကွန်ဗင်းရှင်းတွင် အာတီကယ်(၂၂)ခုပါဝင်ပြီး အရေးကြီးသော အာတီကယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

အာတီကယ်(၁) အရ စာချုပ်ဝင်နိုင်ငံသည် မိုင်းများကို အသုံးပြုခြင်း၊ သိုမှီးထားခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းပေးခြင်းတို့ မရှိစေရေး တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပြီး မိုင်းများကို ဖျက်ဆီးရန်လည်း တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အာတီကယ်(၄)အရ စာချုပ်ဝင်နိုင်ငံသည် ၎င်းနိုင်ငံအတွက် စာချုပ်အတည်ဖြစ်ပြီး (၄) နှစ်ထက်နောက်မကျဘဲ မိုင်းများကို ဖျက်ဆီးပစ်ရမှာ ဖြစ်ပါတယ်။ အာတီကယ်(၅) အရ စာချုပ်ဝင်နိုင်ငံသည် မိုင်းဧရိယာများကို ၎င်းနိုင်ငံအတွက် စာချုပ်အတည်ဖြစ်ပြီး (၁၀)နှစ်ထက်နောက်မကျဘဲ ရှင်းလင်းဖျက်ဆီးပစ်ရမှာ ဖြစ်ပါတယ်။ သို့ရာတွင် လိုအပ်သော အကြောင်းပြချက်များကိုဖော်ပြ၍ တိုးမြှင့်ကာလအား အဆိုပြုတင်ပြနိုင်ပါတယ်။

အာတီကယ်(၆)အရ မိုင်းရှင်းလင်းခြင်း၊ မိုင်းအသိပညာပေးခြင်းတို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင် ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အာတီကယ်(၇) အရ စာချုပ်ဝင်နိုင်ငံ သည် ၎င်းနိုင်ငံအတွက် စာချုပ်အတည်ဖြစ်ပြီး ရက်ပေါင်း(၁၈၀) အတွင်း မိမိနိုင်ငံ၏ မိုင်းနှင့်စပ်လျဉ်း သည့်အချက်များအား အသေးစိတ် ရှင်းလင်းဖော်ပြချက်များနှင့် အတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ တင်ပြအစီရင်ခံရမှာ ဖြစ်ပါတယ်။ အာတီကယ်(၈) အရ စာချုပ်ဝင်နိုင်ငံသည် တစ်နိုင်ငံ၏စာချုပ်အပေါ် လေးစားလိုက်နာမှုဆိုင်ရာ ပြဿနာနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးရန် အခြားစာချုပ်ဝင် နိုင်ငံတစ်နိုင်ငံက မေတ္တာရပ်ခံလာလျှင် မေတ္တာရပ်ခံခြင်းခံရသော နိုင်ငံက ဖြေရှင်းဆောင်ရွက်ပေးရမှာဖြစ်ပြီး စုံစမ်းရေးမစ်ရှင်များကိုလည်း နိုင်ငံအတွင်း ဝင်ခွင့်ပြုရမှာ ဖြစ်ပါတယ်။ အာတီကယ်(၉)အရ မိုင်းနှင့်စပ်လျဉ်း၍ တားမြစ်ထားသော လုပ်ဆောင်ချက်များကို လုပ်ဆောင်သူများအား အရေးယူဆောင်ရွက်ရန်အတွက် ဥပဒေကြောင်းဆိုင်ရာ၊ အုပ်ချုပ်မှုကြောင်းဆိုင်ရာနဲ့ အခြားလိုအပ်သော စုံစမ်းမှုများကို စာချုပ်ဝင်နိုင်ငံက လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင် ပါဝင်ရေးနဲ့စပ်လျဉ်း၍ ထိုသဘောတူစာချုပ်ပါ အချက်အလက်များကို ကနဦးလေ့လာသုံးသပ်ရပါတယ်။ သဘောတူစာချုပ်တစ်ခုကို အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးလိုက်သည့်အခါ ထိုသဘောတူစာချုပ်ပါအချက်များကို လေးစားလိုက်နာရန် တာဝန်ရှိသကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း သတ်မှတ်ချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် သဘောတူစာချုပ်တစ်ခုတွင် ပါဝင်၍ သုံးသပ်ဆုံးဖြတ်ရာတွင် မိမိနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊ လက်ရှိအချိန် သို့မဟုတ် သတ်မှတ်ထားသည့်အချိန်တွင် မိမိနိုင်ငံအခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်၊ မဖြစ်နိုင်တို့ကို ထည့်သွင်းစဉ်းစားရမည့်အပြင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် မြေမြှုပ်မိုင်း အသုံးပြုမှု သဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းပြီး စာချုပ်ပါပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့် စာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြု ပါဝင်လိုက်သည်နှင့် မိုင်းစာရင်းများ ပြုစုခြင်း၊ မိုင်းထောင်ထားသည့်ဧရိယာများအား ရှာဖွေစာရင်းပြုစုခြင်း၊ သတ်မှတ်ကာလအတွင်း မိုင်းများဖျက်ဆီးခြင်း၊ မိုင်းထောင်ထားသည့် ဧရိယာများကိုရှင်းလင်းခြင်း၊ အတည်ပြုပါဝင်ပြီး ရက်ပေါင်း(၁၈၀)အတွင်း မိုင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ အစီရင်ခံစာတင်ပြခြင်း စသည်တို့ကို ပြုလုပ်ပေးရမှာဖြစ်ရာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိနေဆဲဖြစ်သည့် မိမိနိုင်ငံ၏ ပကတိအခြေအနေအရ စာချုပ်ပါတာဝန်ရှိမှုများအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲ ရှိ/မရှိ ထည့်သွင်းစဉ်းစားပြီးမှသာ စာချုပ်တွင် အတည်ပြုရန်၊ ပါဝင်ရန် သင့်/မသင့် သုံးသပ်စဉ်းစားသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ဒေသခံကျေးလက်ပြည်သူများကို အန္တရာယ်မှကယ်တင်မည့် မိုင်းရှာ/ မိုင်းဖျက်ဆီးရေးစီမံချက်များ ရှိ/မရှိနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မိုင်းအသုံးပြုမှု တားမြစ်ခြင်းနှင့် ဖျက်ဆီးခြင်းဆိုင်ရာ အပြည်ပြည်

ဆိုင်ရာအစည်းအဝေးများသို့လည်း လေ့လာသူအဖြစ် ပါဝင်တက်ရောက်လျက် ရှိပါတယ်။ မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းနဲ့ပတ်သက်သောနည်းပညာများ၊ နိုင်ငံတကာ၏ အတွေ့အကြုံများကို ရယူလျက်ရှိရာ မိုင်းအသိပညာပေး ဆောင်ရွက်မှုဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မိုင်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော ဂျီနီဗာမြို့ အခြေစိုက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် FSD ရဲ့ ၂၀၁၄ ခုနှစ်၊ အစီရင်ခံစာမှာလည်း မြန်မာနိုင်ငံတွင် မိုင်းရှင်းလင်းရေး အသိပညာပေးရေးနှင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းများနှင့် စစ်ကျန်ပစ္စည်းများကြောင့် ထိခိုက်ခံရပြီး အသက်မသေခဲ့သူများအား ကယ်ဆယ်ခြင်း၊ ခြေတု၊ လက်တု ပြုလုပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ICRC, DCA ကဲ့သို့သော INGO, NGO တို့နှင့် ပူးပေါင်း၍ Victim Assistance အနေဖြင့် ဒေသအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းများတွင်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးသင်တန်းများ သင်ကြားပေးလျက်ရှိပြီး မိုင်းရှင်းလင်းရေးအဖွဲ့များလည်း ဖွဲ့စည်းထားရှိပါတယ်။ လက်ရှိအနေဖြင့် ဒေသခံကျေးလက်ပြည်သူများကို မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ဖာပွန်-ခေါ်ပုတ်-နတ်တောင် - ဒါးကွင်းလမ်းကြောင်းတစ်လျှောက်တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းနဲ့ သုမွဲထ မြစ်ဆုံဒေသတစ်ဝိုက်တွင် မိုင်းရှာ၊ မိုင်းဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ အစိုးရသစ် စတင်ဖွဲ့စည်းစဉ်မှာ ယခင်ဖွဲ့စည်းခဲ့တဲ့ ဝန်ကြီးဌာန (၃၃)ခု ရှိတဲ့အနက် ဝန်ကြီးဌာန (၂၂)ခုသို့ လျှော့ချပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ရာမှာ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသစ်တစ်ခုကို ပါဝင်ဖွဲ့စည်းခဲ့တာ တွေ့ရတဲ့အတွက် တိုင်းရင်းသားများရဲ့ လိုလားချက်၊ ဆန္ဒတွေကို ယခင်ကထက် ပိုမိုဆောင်ရွက်ပေးနိုင်တော့မှာဆိုတဲ့ မျှော်လင့်ချက်နဲ့ တိုင်းရင်းသူတစ်ဦးအနေနဲ့ များစွာ ဂုဏ်ယူဝမ်းမြောက်ခဲ့ရပါတယ်ရှင်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ပတ်သက်၍ သိရှိလိုသည်များကို အပြုသဘောဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ အသစ်စတင်ဖွဲ့စည်းခဲ့တဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ သက်တမ်းဟာ ယခုဆိုရင် (၄)လ ကျော် (၅)လထဲကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ သိရှိမေးမြန်းလိုသည်မှာ (၁) ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် ၎င်းသက်တမ်းအတွင်း ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ (၂)အစိုးရ၏ ရက်(၁၀၀) စီမံချက်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု၊ (၃) ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် မည်သို့ဆက်စပ်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ (၄) တိုင်းရင်းသားများ၏အရေးကို ရှေ့ဆက်ပြီး မည်မျှအထိ မည်သို့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို သိရှိလိုပါသဖြင့် တိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးနိုင်သက်လွင် (ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်ပါ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ရဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များ သိရှိလိုကြောင်း မေးမြန်းလာခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို မူလက တိုင်းရင်းသားရေးရာဝန်ကြီးဌာနအမည်နှင့် နိုင်ငံတော်သမ္မတရုံး ကြေညာချက်အမှတ် ၁/၂၀၁၆ ဖြင့် ၃၀-၃-၂၀၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါတယ်။

ဖွဲ့စည်းခဲ့တဲ့ ဝန်ကြီးဌာနရဲ့အမည်ကို ၂၄-၂-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေမှာပြဋ္ဌာန်းတဲ့ ဝန်ကြီးဌာနအမည်နဲ့ ကိုက်ညီမှုရှိစေရေးအတွက် ၁၈-၅-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အမည်ပြောင်းလဲရန် အတည်ပြုခဲ့တဲ့အတွက်

နိုင်ငံတော်သမ္မတရုံး၏ ၂၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၆ ဖြင့် ဝန်ကြီးဌာန၏ အမည်ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ပါတယ်။ ဝန်ကြီးဌာန ဖွဲ့စည်းဖြစ်ပေါ်လာရေးကို ရက်(၁၀၀) စီမံချက်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို တင်ပြခဲ့တာနဲ့အညီ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဆိုပြီးတော့ အရာထမ်းရာထူး(၃၇၀)နေရာနဲ့ အမှုထမ်း(၇၆၁)နေရာ စုစုပေါင်း (၁၁၃၁) နေရာဖြင့် ဖွဲ့စည်းနိုင်ရေးတင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၆/၂၀၁၆ သဘောတူ ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ရန်ပုံငွေကိုလည်း ရေးဆွဲပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ရာ ၂၃-၈-၂၀၁၆ ရက်နေ့က ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးရန်ပုံငွေ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးရုံးများကို နေပြည်တော်တွင် စတင်ဖွဲ့စည်းရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာတော့ ဝန်ကြီးဌာန၏ ရုံးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နိုင်ရန် အခြားဝန်ကြီးဌာနတို့မှ အရာထမ်း(၄)ဦး၊ အမှုထမ်း(၃)ဦးတို့ကို တွဲဖက်၍ လုပ်ငန်းများ၌ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းများ ခန့်ထားနိုင်ရေးအတွက် ပထမအဆင့်အဖြစ် အခြားဝန်ကြီးဌာနများက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုတဲ့ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့် ဝန်ထမ်းများရဲ့ အမည်စာရင်းများကိုသာ တောင်းခံကာ စုစုပေါင်း (၆၄၇)ဦးကို လူတွေ့စစ်ဆေးမှု ဆောင်ရွက်ခဲ့ပြီးဖြစ်၍ သင့်လျော်သည့် ဝန်ထမ်းများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအတွင်း လစာနှုန်းတူ ရာထူးနေရာများမှာ မကြာမီ ခန့်အပ်သွားနိုင်ရေး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဤကဲ့သို့ အခြားဝန်ကြီးဌာနမှ ဝန်ထမ်းများကို ရွေးချယ်ပြောင်းရွှေ့ ဖွဲ့စည်းသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာငွေ ထပ်မံကုန်ကျမှုကိုလည်း သက်သာစေမည် ဖြစ်ပါတယ်။ ဒုတိယအဆင့်အဖြစ် ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်းများကိုလည်း ပြောင်းရွှေ့တာဝန်ပေးအပ်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ဝန်ကြီးဌာန ဖွဲ့စည်းဆောင်ရွက်ဆဲအချိန်တွင် ပညာရေးဝန်ကြီးဌာန UNICEF အဖွဲ့နှင့် ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းတက္ကသိုလ်နှင့် ပူးပေါင်း၍ National Language Policy Symposium ကို ၂၀၁၆ ခုနှစ် ၊ ဇူလိုင်လ ၁၁ မှ ၁၃ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ Symposium တွင် ပြည်နယ်အဆင့် Language Policy ဆောင်ရွက်ခဲ့ပြီးတဲ့ ကချင်၊ ကရင်၊ မွန်ပြည်နယ်တို့က အတွေ့အကြုံများ မျှဝေခြင်း ကျန်ပြည်နယ်နဲ့ တိုင်းဒေသများ အလိုက် Language Policy ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသရှိ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် နေ့ထူးနေ့မြတ်များ လွတ်လပ်စွာဆောင်ရွက်နိုင်ရေး တိုင်းရင်းသားများ၏ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး စသည့်လုပ်ငန်းများအတွက် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လုပ်ငန်းကော်မတီများ

ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဆိုင်ရာ ယဉ်ကျေးမှု ပြကွဒိန် ရေးဆွဲနိုင်ရေး၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များတွေကို Bottom Up စနစ်ဖြင့် ရေးဆွဲချမှတ်အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်မည် ဖြစ်ပါတယ်။

ဎင်းအပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာန ရုံးများကို ဆက်လက်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရုံးများအား သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ရုံးအဖွဲ့သဖွယ်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ဝန်ထမ်းအဖွဲ့အစည်း တွေကို စနစ်တကျ ဖွဲ့စည်းမှု ဆောင်ရွက်ပြီးသည့်အခါ တိုင်းရင်းသားလူမျိုး၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အပေါ် အခြေခံ၍ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနသည် တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ရိုးရာ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာနသည် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်ခြင်း လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားရင်း နိဂုံး ချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်ပါစေလို့ ကျွန်မ ဦးစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန် ပဲ ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်မှုအရ ကျွန်မ တင်ပြမယ့် အစီရင်ခံစာ ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာပဲ ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၆-

ရက်စွဲ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၄-၈-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၁-၈-၂၀၁၆ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး အောင်ဖြိုးကျော်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း နှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်တို့က အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၆-၈-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါတယ် -

(က) အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တိကျမှုရှိစေရန်အတွက် မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ (ဋ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ဎ)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား သဘာဝသယံဇာတ ပစ္စည်းဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင် အောက်ခံမြေထုနှင့် ပင်လယ်ကြမ်းပြင် အထက်ရှိ ရေထုတို့တွင် ပါဝင်သော သက်ရှိ၊ သက်မဲ့သယံဇာတများကိုဆိုသည်။ ထို့အပြင်အစိုးရအဖွဲ့က အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတ ပစ္စည်းများ ပါဝင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဋ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ (ဎ)ဟု ပြင်ဆင်ပြီး ယင်း၏အောက်တွင် အပိုဒ်ခွဲ (ဏ) အဖြစ် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းဆိုသည်မှာ ဓာတ်သတ္တုနှင့် သက်ရှိ သက်မဲ့ သယံဇာတပစ္စည်းများကို ဆိုသည်။ ထို့အပြင် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများတွင် ပင်လယ်အောက်ခြေ တစ်နေရာတည်း၌ အတည်တကျပေါက်ပွားလေ့ရှိသော အပင်နှင့် ဖမ်းယူသင့်သည် အချိန်၊ ဖမ်းယူသင့်သည့်အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင် အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ်

ထိတွေ့နေသော သတ္တဝါများပါဝင်သည်ဟု အသစ်ဖြည့်စွက်၍ လည်းကောင်း အသီးသီး ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

(ခ) အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင် သွားလာနိုင်သော အခြားယာဉ်များသည် ပင်လယ်ရေမျက်နှာပြင် ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇ ခြေဆင်းတွင် ဖော်ပြထားသော လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည်ဆိုသည့် စကားရပ်ကို လုံခြုံရေးကို ထိပါးစေခြင်းဖြစ်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော စကားရပ်များအစား ရေနံတင်ယာဉ်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်နှင့် အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုယ်သဘောအရဖြစ်စေ၊ အခြားသောအန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သော ရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ် ထိန်းချုပ်ပြီး သတ်မှတ်ပေးသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာရ မည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော သက်ဆိုင်ရာရေယာဉ်သည် ပုဒ်မခွဲ (က)အရ ဖြတ်သန်းရာတွင် ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(က)အရ ဖြတ်သန်းရာတွင် သက်ဆိုင်ရာ ရေယာဉ်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၃၊ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက် ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွား သော အောက်ဖော်ပြပါ ပြစ်မှုများ၊ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းပြုနိုင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄ တွင် ဖော်ပြထားသော ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များအပြင် လိုအပ်သလိုဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းပြုနိုင်သည် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၃ အရ ဆောင်ရွက်နိုင်သည့်အပြင် လိုအပ်သလို တက်ရောက်ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်း ပြုနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၇ ကို အပိုဒ် ၂၃ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ရေယာဉ်ပေါ်သို့ တက်ရောက်ခြင်းဆိုသည့် စကားရပ်ကို ရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၆ ကို အပိုဒ် ၃၂ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ပုဒ်မ ၂၉ တွင် ဖော်ပြပါရှိသော ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ တရားရုံးသည် ပုဒ်မ ၂၉ တွင် ဖော်ပြပါရှိသော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၂၉ ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဆွေးနွေး ညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန် ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်ဖြစ်တဲ့ ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် က ကော်မတီ ရဲ့ကိုယ်စား လွှတ်တော်ကို တစ်ပိုဒ်ချင်းအလိုက် တင်ပြသွားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်ပါတယ်။ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ မြန်မာ့ပိုင်နက်ပင်လယ် နှင့် ပင်လယ်ဇုန်များ ဥပဒေလို့ အမည် ပေးထားပါတယ်။ ဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက မြန်မာ့ပိုင်နက်ပင်လယ်အစား မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေလို့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားတဲ့ ဥပဒေ အပြည့်အစုံ အားဖြင့် -

**မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ**

**(၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      ။)**

**၁၃၇၈  ခုနှစ်၊            လ         ရက်**

**(၂၀၁၆ ခုနှစ်၊             လ       ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားတဲ့အပိုင်းကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ကို လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။          ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊  ဥပဒေကြမ်းကော်မတီ)**။            ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ နောက်ထပ်ပြင်ဆင်ချက်များကတော့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၊ အပိုဒ် ၂(င)(စ)(ဆ)(ဇ) (ဈ)(ဋ)(ဍ)(ပ)(ဏ) တို့ဖြစ်ပါတယ်။

ပြင်ဆင်ချက် အပိုဒ် ၁ ဖြစ်ပါတယ်။ ဤဥပဒေကို မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေဟု ခေါ်တွင်စေရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၂၊ အပိုဒ်ခွဲ(င)မှာ ပိုင်နက်ပင်လယ်ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင်(၁၂)မိုင်အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကို ဆိုလိုသည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

အပိုဒ်ခွဲ ၂ ရဲ့ အပိုဒ်ခွဲ(စ)မှာ ဆက်စပ်ဇုန်ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်း ဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၄)မိုင်အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကို ဆိုလိုသည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

အပိုဒ်ခွဲ(ဆ)မှာ သီးသန့်စီးပွားရေးဇုန်ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်း

ချက်များမှအပ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင်(၂၀၀)အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကို ဆိုသည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

ပုဒ်မခွဲ(ဇ)ဖြစ်ပါတယ်။ ကမ်းလွန်ရေတိမ်ပိုင်းဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ ပါဝင်သည်။ နိုင်ငံတော်မှ ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်သို့ ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံမျဉ်းမှ ရေမိုင်(၂၀၀)အလွန် ကမ်းလွန်ရေတိမ်ပိုင်းဟာ သိပ္ပံနှင့် နည်းပညာအချက်အလက် အထောက်အထားများဖြင့် တောင်းခံထားမှုအပေါ် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်က ထောက်ခံအတည်ပြုသည့် ကမ်းလွန်ရေတိမ်ပိုင်း ဧရိယာအရ အခြားနိုင်ငံများ၏ ကမ်းလွန်ရေတိမ်ပိုင်းဧရိယာနှင့် ထပ်နေပါက ထိုနိုင်ငံများနှင့် သဘောတူခွဲခြားပြီးသည့် ဧရိယာသတ်မှတ်ချက်အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကို ဆိုလိုသည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

အပိုဒ်ခွဲ(ဈ) ဖြစ်ပါတယ်။ အခြေခံမျဉ်းများဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဋ) ဖြစ်ပါတယ်။ ရေယာဉ်ဆိုသည်မှာ ရေတွင် လှုပ်ရှားသွားလာနိုင်သော စက်တပ်သို့မဟုတ် စက်မဲ့ယာဉ်တစ်မျိုးမျိုးကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဍ) ဖြစ်ပါတယ်။ နိုင်ငံခြားရေယာဉ်ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိဘဲ နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော ရေယာဉ်နှင့် မည်သည့်နိုင်ငံတွင်မျှ မှတ်ပုံတင်ထားခြင်း မရှိသော နိုင်ငံခြားသားပိုင် ရေယာဉ်ကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဎ) ဖြစ်ပါတယ်။ သဘာဝသယံဇာတပစ္စည်းဆိုသည်မှာ ပင်လယ်ကြမ်းပြင် ပင်လယ်ကြမ်းပြင်၏ အောက်ခံမြေထု၏ ပင်လယ်ကြမ်းပြင် အထက်ရှိရေထုတို့တွင် ပါဝင်သော သက်ရှိ၊ သက်မဲ့ သယံဇာတများကို ဆိုသည်။ ထို့ပြင် အစိုးရအဖွဲ့က အခါအားလျော်စွာ နိုင်ငံတော် ပြန်တမ်း ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတပစ္စည်းများ ပါဝင်သည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဏ) ဖြစ်ပါတယ်။ သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းဆိုသည်မှာ ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို ဆိုသည်။ ထို့အပြင် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများတွင် ပင်လယ်အောက်ခြေ တစ်နေရာတည်း၌ အတည်တကျ ပေါက်ပွားလေ့ရှိသော အပင်နှင့် ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့်အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင်ဖြစ်စေ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ် ထိတွေ့နေသော သတ္တဝါများပါဝင်သည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

အခု ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ အဆိုပါ ပြင်ဆင်ချက်များနဲ့ အသစ်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂(င)(စ)(ဆ)(ဇ)(ဈ)(ဋ)(ဍ)(ပ)(ဏ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂(င)(စ)(ဆ)(ဇ)(ဈ)(ဋ)(ဍ)(ပ)(ဏ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွှန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ) တို့ကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဖြည့်စွက်ချက် အပြည့်အစုံမှာ အခန်း(၂) ရည်ရွယ်ချက်များ-

အပိုဒ် (၃) ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နဲ့ ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု ရှိစေရန်။

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များအတွင်းရှိ သဘာဝသယံဇာတများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဂ) အဏ္ဏဝါ ပတ်ဝန်းကျင်အား ထိခိုက်ညစ်ညမ်းမှုမှ ကာကွယ်ရန်လို့ ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၅(က)၊ အပိုဒ် ၆(င)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ (ဆ)(ဇ)(ဈ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃(ဂ)(င)၊ အပိုဒ် ၁၄ တို့ ပြင်ဆင်ချက်ကို ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ နံပါတ် (၄)မှာ ရှိပါတယ်။

အပိုဒ် ၅(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ယင်းဖြတ်သန်းမှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးခြင်းမရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှု ဖြစ်သည်ဟု မှတ်ယူရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၆၊ အပိုဒ်ခွဲ(င) ဖြစ်ပါတယ်။ နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင် သွားလာနိုင်သော အခြားယာဉ်များသည် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာ အလံကို လွှင့်ထူရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၇ ဖြစ်ပါတယ်။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေခြင်းဖြစ်သည် ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဆ) ဖြစ်ပါတယ်။ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေများက ခွင့်ပြုထားခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ်ကို အတင်အချပြုလုပ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဇ) ဖြစ်ပါတယ်။ အဏ္ဏဝါ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန်၊ ထိခိုက်ပျက်စီးစေရန် လုပ်ဆောင်မှု တစ်ခုခု ပြုလုပ်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဈ) ဖြစ်ပါတယ်။ တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကိုဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း၊ ငါးလုပ်ငန်းပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၉၊ အပိုဒ်ခွဲ (က) ဖြစ်ပါတယ်။ ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံး ရေယာဉ်နှင့် အဏုမြူသဘောအရ ဖြစ်စေ၊ ပင်ကိုယ်သဘောအရဖြစ်စေ၊ အခြားသော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သော ရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ခ) ဖြစ်ပါတယ်။ အပိုဒ်ခွဲ (က)အရ ဖြတ်သန်းရာတွင် သက်ဆိုင်ရာ ရေယာဉ်သည် လိုအပ်သော စာရွက် စာတမ်းများကို ယူဆောင်လာရမည့်အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများကိုလည်း လိုက်နာဆောင်ရွက်ရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က) ဖြစ်ပါတယ်။ ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော ကျွမ်းကျင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ ထောက်ခံချက်ဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ခ) ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုအတွက် အသုံးပြုနေကျဖြစ်သော ရေလမ်းကြောင်းများလို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၁၂ ဖြစ်ပါတယ်။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေ စည်းကြပ်ခြင်းမပြုရ၊ သို့ရာတွင် နိုင်ငံတော်သည် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၁၃ ဖြစ်ပါတယ်။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွားသော အောက်ဖော်ပြပါပြစ်မှုများ၊ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းပြုနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(ဂ) ဖြစ်ပါတယ်။ သင်္ဘောတွင် လွှင့်ထူထားသောအလံနှင့် သက်ဆိုင်သည့် ရေယာဉ်မှူးကဖြစ်စေ၊ ယင်းနိုင်ငံ၏ သံတမန်ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိကဖြစ်စေ နိုင်ငံတော်၏ အကူအညီကို တောင်းခံလာသည့် ကိစ္စဖြစ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

အပိုဒ်ခွဲ(င)ဖြစ်ပါတယ်။ အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုများနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့်စီမံဆောင်ရွက်မှုဖြစ်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၁၄ ဖြစ်ပါတယ်။ နိုင်ငံခြားရေယာဉ်သည် နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းခဲ့ပြီးနောက် ယင်းရေပြင်မှထွက်ခွာပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၃ အရ ဆောင်ရွက်နိုင်သည့် အပြင် လိုအပ်သလို တက်ရောက်ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်း ပြုနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

အထက်ပါ ပြင်ဆင်ချက်များကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(က)၊ အပိုဒ် ၆ (င)၊ အပိုဒ် ၇ ခေါင်းစဉ်၊ အပိုဒ် ၇(ဆ)(ဇ)(ဈ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခေါင်းစဉ်၊ အပိုဒ် ၁၃ (ဂ)(င)၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(က)၊ အပိုဒ် ၆(င)၊ အပိုဒ် ၇ ခေါင်းစဉ်၊ အပိုဒ် ၇(ဆ)(ဇ)(ဈ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခေါင်းစဉ်၊ အပိုဒ် ၁၃ (ဂ)(င)၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၂၀၊ အပိုဒ် ၂၁(င)၊ အပိုဒ် ၂၂ နဲ့ အပိုဒ် ၂၃ တို့ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၀)မှာ ရှိပါတယ်။

အပိုဒ် ၂၀၊ မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊ မြန်မာ-အိန္ဒိယပင်လယ်ပြင် နယ်နိမိတ်မျဉ်းနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင် နယ်နိမိတ်မျဉ်းတို့၏ Cooridnateများမှာ နောက်ဆက်တွဲ (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၂၁၊ အပိုဒ်ခွဲ(င) ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များလို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၂၂ ဖြစ်ပါတယ်။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာ ဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များလွတ်လပ်စွာ ပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက် ကေဘယ်ကြိုး ချခွင့်၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများချခွင့်နှင့် ယင်းဇုန် အတွင်း ဥပဒေနှင့်ညီသော အသုံးပြုခွင့်များရှိပြီး၊ ယင်းသို့ အသုံးပြုခွင့်များကို ကျင့်သုံးရာတွင် ပုဒ်မ ၂၁ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေရလို့ ပြင်ဆင်ထား ပါတယ်။

အပိုဒ် ၂၃ ဖြစ်ပါတယ်။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သီးသန့် စီးပွားရေးဇုန်တွင်း သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေးအလို့ငှာ ရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေခြင်း၊ ရေယာဉ်များကို စစ်ဆေးခြင်း၊

ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

အထက်ပါပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၁(င)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၁(င)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်လက်တင်ပြမှာက ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၁၃)မှာ ရှိပါတယ်။

အခန်း(၈)၊ အခန်းခေါင်းစဉ်ရဲ့ ဖြည့်စွက်ချက်ဖြစ်ပါတယ်။ အခန်း(၈) တားမြစ်ချက်လို့ ဖြည့်စွက်ထားပါတယ်။

အဲဒီ ဖြည့်စွက်ချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ တို့ရဲ့ ပြင်ဆင်ချက်များဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၁၄)မှာ ရှိပါတယ်။

အပိုဒ် ၂၉၊ မည်သူမဆို ပုဒ်မ ၂၆၊ ၂၇ သို့မဟုတ် ၂၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းသော်လည်းကောင်း၊ ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁၀)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၃၁ ဖြစ်ပါတယ်။ အပိုဒ် ၃၁၊ ပုဒ်မ ၂၉ အရ ငွေဒဏ်ချမှတ်ရာတွင် ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးက ချမှတ်သည့်ငွေဒဏ်ကို သတ်မှတ်ထားသော နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၃၂ ဖြစ်ပါတယ်။ သက်ဆိုင်ရာ တရားရုံးသည် ပုဒ်မ ၂၉ တွင် ဖော်ပြပါရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့် အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မှအပ မည်သည့်ရေယာဉ်ကို မဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ ရေယာဉ်တွင် တပ်ဆင်ထားသော ကိရိယာတန်ဆာပလာများ၊ ရေယာဉ်ပေါ်ရှိ ပစ္စည်းများအားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြမှာ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၃၅၊ အပိုဒ် ၃၈(က)(ခ)တို့ကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ကန့်လန့်ဖြတ် ဇယားရဲ့ စာမျက်နှာ နံပါတ်(၁၅)မှာ ရှိပါတယ်။

အပိုဒ် ၃၅၊

ပုဒ်မ ၃၀ အရအရေးယူဆောင်ရွက်သည့် ကိစ္စရပ်များသည် ပုဒ်မ ၁၅ ပါ တရားမ ကြောင်းအရ စီရင်ပိုင်ခွင့်ကျင့်သုံးနိုင်သည့် ကိစ္စရပ်များကို မထိခိုက်စေရလို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၃၈ ဖြစ်ပါတယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင် ရွက်ရာတွင် အပိုဒ်ခွဲ(က)ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ အပိုဒ်ခွဲ(ခ)ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်လို့ ပြင်ဆင် ထားပါတယ်။

ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅၊ အပိုဒ် ၃၈ (က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅၊ အပိုဒ် ၃၈ (က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဆက်လက်တင်ပြမှာက ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ထားချက်များ ဖြစ်ပါတယ်။ အဆိုပြု ပြဋ္ဌာန်းထားတဲ့-

အခန်း(၁)၊ အပိုဒ် ၂(ဇ)၊

အခန်း(၂)၊ အပိုဒ် ၃၊

အခန်း(၃)၊ အပိုဒ် ၁၆၊

အခန်း(၄)၊ အပိုဒ် ၁၉၊

အခန်း(၅)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ တို့ကို ပယ်ဖျက်ထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ထားချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဆက်လက်တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီက မူလအဆိုပြု ပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြထားတဲ့အပိုဒ်များ ဖြစ်ပါတယ်။ မူလ အဆိုပြုချက်များအတိုင်း-

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(ည)(ဋ)(တ)နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅(ခ)(ဂ)၊ အပိုဒ် ၆(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၇(က)မှ(စ)အထိ အပိုဒ်ခွဲ(ည)(ဋ)(ဌ)၊ အပိုဒ်၈၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀(ဂ)(ဃ)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁(က) (ခ)(ဂ)၊ အပိုဒ် ၁၃ (က)(ခ)(ဂ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(က)(ခ)၊

အခန်း(၄)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆(က)(ခ)၊

အခန်း(၅)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇(က)(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁(က)မှ (ဃ)အထိ၊

အခန်း(၆)၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄(က)မှ(စ)အထိ၊

အခန်း(၇)၊ အပိုဒ် ၂၅၊

အခန်း(၈)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(က)မှ (င)အထိ၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈(က)မှ(စ)အထိ၊

အခန်း(၉)၊ အပိုဒ် ၃၀၊

အခန်း(၁၀)၊ အပိုဒ် ၃၃၊ ၃၄၊ ၃၆၊ ၃၇ နဲ့ အပိုဒ် ၃၉ တို့ကို အဆိုပြု ပြင်ဆင်ချက်အတိုင်း ထားရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။

တင်ပြချက်အတိုင်း မူလအဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေရန် ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေမူကြမ်းကို ၄-၈-၂၀၁၆ ရက်နေ့က အမျိုးသားလွှတ်တော်ကို ရှင်းလင်းတင်သွင်းပြီးတော့ လက်ခံဆွေးနွေးဖို့ အဆိုပြုခဲ့ပြီးဖြစ်ပါတယ်။ ယင်းနောက်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များက အပြုသဘော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာလည်း အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ တာဝန်ရှိ သူများ၊ ကျွမ်းကျင်သူများနဲ့ အကြေအလည် ဆွေးနွေးခဲ့ပြီးတော့ ပြင်ဆင် ဖြည့်စွက်ချက်များနှင့်အတူ ကျွန်တော်တို့ အတည်ပြုပေးဖို့ အဆိုပြု တင်ပြလာခဲ့ပါတယ်။

ယင်းပြင်ဆင်အဆိုပြုချက်များကို အမျိုးသားလွှတ်တော်ကလည်း ယခုပဲ အတည်ပြု ချမှတ် ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့တဲ့ ပြင်ဆင်ဖြည့်စွက်ချက်များ အတိုင်း မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းသည် ကျွန်မတို့ မြန်မာနိုင်ငံအတွက် အမှန်တကယ်လိုအပ်သော ဥပဒေဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၁း၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]